ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ကြာသပတေးနေ့ (6-10-2011)(၆၉၀၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ထိုင်းနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

## မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် အဆိုပြုချက်အပေါ် ထိုင်းနိုင်ငံမှ ထောက်ခံမှုပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြား

## သက်န်းညီနောင်မှ ကော့ကရိတ်အထိ ကားလမ်းဖောက်လုပ်ရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း (၃) နိုင်ငံ အဝေးပြေးလမ်းမကြီး အကောင်အထည်ဖော်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားကိစ္စများ ဆွေးနွေး

နေပြည်တော်     အောက်တိုဘာ     ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

### (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၆။)
### ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
### (၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင်-

(က) ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အနည်းဆုံးအဖွဲ့ဝင် ငါးဦးကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။"

(ခ) ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်။

(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(ဂ) (၁) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည် သို့မဟုတ်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။

(ဃ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်။

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။

(စ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမည်။

(ဆ) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

(ဇ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(ဈ) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။"

(ဂ) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်စေရမည်။"

(ဃ) ပုဒ်မ ၈ တွင် ပုဒ်မခွဲ(ည)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က ကော်မရှင်သို့တင်ပြလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊"

(င) ပုဒ်မ ၈ တွင် "ပုဒ်မခွဲ (ည) ကို (ဋ)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဋ)ကို (ဌ)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဌ)ကို (ဍ)အဖြစ်လည်းကောင်း" ပြောင်းလဲသတ်မှတ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



**ကြိုဆိုနှုတ်ဆက်**

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နေပြည်တော်လေဆိပ်၌ ကြိုဆို နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

***နေပြည်တော် အောက်တိုဘာ ၅***

*သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁ စင်တီမီတာ (သုည ဒသမ ၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။*

*(သတင်းစဉ်)*

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၅၅၀ | ၀. ၀၃၂၁၀ |
| တရုတ် (ယွမ်) | ၆. ၃၇၉၃၆ | ၀. ၁၅၆၇၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၃၀၀၀ | ၀. ၀၂၀၂၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၁၅၄ | ၀. ၃၁၃၃၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၅၀၄ | ၀. ၇၆၆၂၆ |
| ဂျပန် (ယန်း) | ၇၆. ၈၁၀၈ | ၀. ၀၁၃၀၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၇. ၈၀ | ၀. ၀၀၀၈၄ |
| ယူရို | ၀. ၇၅၀၈၃ | ၁. ၃၃၁၈၇ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၇၁၂ | ၁. ၅၄၅၃၀ |

***အင်တာနက်။***

ကြေးမုံ The Mirror

၆-၁၀-၂၀၁၁
(ကြာသပတေးနေ့)

## စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်လာအောင် စွမ်းဆောင်

စာတတ်မြောက်မှုသည် လူ့အခွင့်အရေးတစ်ခု။ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်မှု ကိရိယာတစ်ခု။ လူမှုရေးနှင့် လူသားဖွံ့ဖြိုးတိုးတက်ရေး နည်းစဉ်တစ်ခု။ စာတတ်မြောက်ခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေး၊ လူမှုရေး၊ နိုင်ငံရေး အကျိုးသက်ရောက်မှုများ ရရှိစေသည်ဖြစ်ရာ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ အားထုတ်ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၅ ရာခိုင်နှုန်း ကျော်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထို့အတူ စာတတ်မြောက်သူတိုင်း စာပေမပြတ် ဖတ်ရှုကြရန် လိုအပ်သည်။ အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများ စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်လာရေး စည်းရုံးဆောင်ရွက်သွားကြရပေဦးမည်။ ပြည်သူများ အသိဉာဏ်၊ အလိမ္မာတိုးပွားရေး၊ တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်နိုင်ရေး စာပေလေ့လာ ဖတ်ရှုနေကြရပေမည်။

ယခုအခါ ပြည်သူအများ အလွယ်တကူစာပေဖတ်ရှုနိုင်ရေး နိုင်ငံတစ်ဝန်း၌ စာကြည့်တိုက်များ ထူထောင်ပေးလျက်ရှိသည်။ ကျေးရွာများအားလုံး နီးပါးတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားပြီဖြစ်သည်။ ကျေးရွာအချို့တွင် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နေဆဲ ဖြစ်သည်။ နိုင်ငံတော်နှင့်အတူ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ဒေသခံပြည်သူများက ပံ့ပိုးဖြည့်ဆည်းလျက်ရှိရာ စာကြည့်တိုက်များ ပိုမိုတိုးတက်လာသည်ကို တွေ့ရသည်။

စာကြည့်တိုက်များ ဖြစ်တည်လာလျက်ရှိရာ စာကြည့်တိုက်များတွင် လက်လှမ်းတမီ စာပေဖတ်ရှုနေကြပြီ။ စာတတ်မြောက်ပြီးသူများ စာဖတ်သည့် အလေ့အကျင့် ပိုမိုရရှိလာကြပြီ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးဆိုင်ရာ စာပေဗဟုသုတ အတွေးအခေါ်များ မြင့်မားလာရေး အကျိုးပြုလျက်ရှိသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ စာကြည့်တိုက်အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံများ ရရှိလာရေး၊ စာအုပ်စာစောင်အသစ်များ တိုးပွားရေး၊ ပရိဘောဂပစ္စည်းများ စုံလင်စွာထားရှိနိုင်ရေးတို့သည် စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနေရမည့် လုပ်ငန်းစဉ်များဖြစ်သည်။

စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ဘဝ လူနေမှုအဆင့်အတန်းကိုသာမက မိသားစု၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ လူတိုင်း စာတတ်မြောက်ရေး ကြိုးပမ်းမှုနှင့်အတူ စာတတ်သူတိုင်း စာပေဖတ်ရှုသည့်အလေ့အထ ပွားများလာရေးသည် ပဓာနကျသည့် အချက် ဖြစ်နေပြီ။ အသက်အရွယ်မရွေး စာဖတ်သည့်အလေ့အထရရှိစေရန် နိုင်ငံတစ်ဝန်း၌ စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်လျက်ရှိရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများအားလုံးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာရေး ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## လွှဲပြောင်း ပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်က ထိုင်းနိုင်ငံအစိုးရမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရထံသို့ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ကိရိယာများ လွှဲပြောင်းပေးအပ်မှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)



☆ **ရှေ့ဖုံးမှ**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ထိုင်းနိုင်ငံဝန်ကြီးချုပ်အား **မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အသိပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် အဆိုပြုချက်အပေါ် ထိုင်းနိုင်ငံမှ ထောက်ခံမှုပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတက နှစ်နိုင်ငံဆက်ဆံရေး၊ ဒေါနတောင်ခြေ(သက်န်းညီနောင်)မှ ကော့ကရိတ်အထိ လမ်းဖောက်လုပ်ရန်ကိစ္စ၊ အိန္ဒိယ-မြန်မာ-ထိုင်း(၃)နိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ကိစ္စ၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်** **စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (အက်ခ်မက်စ်) အဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကို ယခုထက် ပိုမိုသွက်လက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စ၊ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စရပ်များတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေး**ပြောကြားသည်။

ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ညစာစားပွဲခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

### တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတများဖြစ်ကြသော သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်အား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်တို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ညစာစားပွဲခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ **အဆွေတော် ဝန်ကြီးချုပ်နှင့် ထိုင်းချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး မိတ်ဆက်ခရီး လာရောက်သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မြဲစေရန် တွန်းအားပေးသွားမည်ဟု ယုံကြည်ပါကြောင်း**ဖြင့် ပြောကြားသည်။

### ဝမ်းမြောက်ဂုဏ်ယူ

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ ထိုင်းကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးစွာ ကြိုဆိုခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်က **နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ရေးရာ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့် သက်န်းညီနောင်မှ ကော့ကရိတ်အထိ ကားလမ်းဖောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး**ပြောကြားသည်။

### သဘောတူစာလွှာလဲလှယ်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်တို့သည် ထိုင်းနိုင်ငံအစိုးရမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရထံသို့ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာကိရိယာများ လွှဲပြောင်းပေးအပ်မှု အထိမ်းအမှတ်ဆိုင်းဘုတ် ပေးအပ်ခြင်းအခမ်းအနားနှင့် ဒေါနတောင်ခြေ (သက်န်းညီနောင်)မှ ကော့ကရိတ်အထိ လမ်းဖောက်လုပ်ရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား အပြန်အလှန်သဘောတူစာလွှာ လဲလှယ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံအစိုးရမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရထံသို့ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာကိရိယာများ လွှဲပြောင်းပေးအပ်မှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆူရာပွန်တိုဗီချိုက်ချာကူးတို့သည် ဒေါနတောင်ခြေ (သက်န်းညီနောင်)မှ ကော့ကရိတ်အထိ လမ်းဖောက်လုပ်ရန် သဘောတူစာလွှာကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား

**မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (အက်ခ်မက်စ်)အဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကို ယခုထက် ပိုမိုသွက်လက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်**

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီး၏ မြောက်ဦးမြို့နယ်လမ်းပိုင်းကို လမ်းတံတားအဆင့်မြှင့်တင်ဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၅

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀) နာရီ မိနစ်(၂၀)တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၄)ဦးတို့ တက်ရောက်ကြသည်။**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၃၂)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၁၂)ခုမေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်းနှင့် အဆိုအသစ်(၁)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ **ဂန့်ဂေါမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မကွေးတိုင်းဒေသကြီးအတွင်း၌ နည်းပညာတက္ကသိုလ်(မကွေး)၊ နည်းပညာတက္ကသိုလ်(ပခုက္ကူ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ချောက်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)တို့ကို ဖွင့်လှစ်၍ အင်ဂျင်နီယာနှင့်စက်မှုအတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသကဲ့သို့ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)တို့ကို ဖွင့်လှစ်၍ အင်ဂျင်နီယာနှင့် စက်မှုအတတ်ပညာဆိုင်ရာ အခြေခံကျွမ်းကျင်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဂန့်ဂေါမြို့နယ်နှင့်ဆက်စပ်နေပြီး မော်တော်ကားလမ်း၊ ရထားလမ်းများဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်သော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ နည်းပညာတက္ကသိုလ် (ကလေး)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(ကလေး)တို့ကို ဖွင့်လှစ်၍ အင်ဂျင်နီယာအတတ်ပညာများကို သင်ကြားပို့ချပေးလျက်ရှိပါကြောင်း။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ကလေးမြို့နယ်အတွင်း၌ အခြေခံပညာအလယ်တန်းအောင် ကျောင်းသား/ကျောင်းသူဦးရေ (၄၇၀၀)ကျော်ရှိသည့်အနက် အစိုးရနည်းပညာအထက်တန်းကျောင်း (ကလေး)သို့ (၄၇)ဦးသာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ပထမနှစ်ကျောင်းသားဦးရေ အနည်းဆုံး (၂၀၀)ခန့် လက်ခံသင်ကြားနိုင်သည်ဖြစ်သည့်အတွက် လက်ခံနိုင်သောကျောင်းသားအင်အားထက်များစွာ လျော့နည်းလျက်ရှိပါကြောင်း၊ နည်းပညာကျောင်းတစ်ကျောင်းကို ထိရောက်အကျိုးရှိစွာ ဖွင့်လှစ်ပေးရန် စဉ်းစားရာ၌ ကျောင်းသားနှင့်ဆရာ အချိုးညီညွတ်မျှတမှုနှင့် လိုအပ်သောသင်ထောက်ကူပစ္စည်းများ ဖြည့်တင်းပေးမှု စသည့်အချက်များကိုသာမက သက်ဆိုင်ရာနယ်မြေဒေသရှိ အလယ်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားအရေအတွက်နှင့် အဆင့်၊ သင်ကြားပေးသင့်သည့်အထူးပြုဘာသာရပ်များ၊ ကျောင်းအဆောက်အအုံနှင့် ရေ၊ မီးရရှိနိုင်မှုအခြေအနေ စသည့်အချက်များကိုပါ ထည့်သွင်းစဉ်းစားရလေ့ရှိပါကြောင်း။

**လက်ရှိအချိန်တွင် မကွေးတိုင်းဒေသကြီးအတွင်း၌ နည်းပညာတက္ကသိုလ်(၂)ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ(၃)ခုနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(၂)ခုတို့ကို ဖွင့်လှစ်ပေးထားပြီးဖြစ်သဖြင့် ဂန့်ဂေါ၊ ထီးလင်းနှင့် ဆောမြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများသည် ဖော်ပြပါ နည်းပညာတက္ကသိုလ်နှင့် သိပ္ပံများတွင် အင်ဂျင်နီယာပညာရပ်များကို သင်ယူလေ့လာနိုင်ပြီဖြစ်သည့်အပြင် အဆိုပါဒေသများမှ အခြေခံပညာအလယ်တန်းအောင် ကျောင်းသားများသည်လည်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့၊ ပခုက္ကူမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကျောင်းသားအရေအတွက် နည်းသေးသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အင်ဂျင်နီယာပညာရပ်များကို စတင်သင်ကြားနိုင်ပါကြောင်း၊ သို့ဖြစ်၍ ဂန့်ဂေါမြို့၌ အစိုးရနည်းပညာအထက်တန်းကျောင်းကို လောလောဆယ် ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လိုအပ်၍ အခြေအနေပေးသည့်အချိန်တွင် လက်ရှိအစိုးရ စက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)၌ အစိုးရနည်းပညာအထက်တန်းကျောင်းကိုပါ ပူးတွဲဖွင့်လှစ်ပေးသွားနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ပေးနိုင်မည့်အခြေအနေရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **သွေးနှောနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားပြုခြင်း စိစစ်ရေးမှတ်ပုံတင်ခွင့်ပြုရာတွင် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောသူများကဲ့သို့ အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် ခရိုင်အဆင့်၏ခွင့်ပြုချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခွင့်ပြုနိုင်ခြင်း ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆ တွင် **ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်**ဟု ပြဋ္ဌာန်းထားသည့်အတွက် ယင်းဥပဒေအာဏာတည်သော ၁၉၈၂ခုနှစ် အောက်တိုဘာ(၁၅)ရက်တွင် နိုင်ငံသားအဖြစ်အသိအမှတ်ပြုပြီးသူများသည် နိုင်ငံခြားလူမျိုး စစ်စစ်များ၊ တိုင်းရင်းသားနှင့် နိုင်ငံခြားလူမျိုးသွေးနှောများက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားအဖြစ်ရရှိရန်လျှောက်ထားပြီး ဥပဒေအရ နိုင်ငံသားဖြစ်လာသူများကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ မွေးရာပါနိုင်ငံသားမဟုတ်သည့်အတွက် မဟုတ်မမှန်ဖော်ပြခြင်း၊ ဖုံးကွယ်ခြင်းများကြောင့် နိုင်ငံသားအဖြစ်ရရှိအောင် ဆောင်ရွက်ခဲ့ခြင်း ဟုတ်/မဟုတ် စသည်တို့ကို စိစစ်ရန်၊ မျိုးရိုးစဉ်ဆက်ဇယား၊ မွေးဖွားရာ ဒေသ၊ ဇာတိ၊ ရပ်ရွာ၊ ထောက်ခံချက်ပေးမည့် အဖွဲ့အစည်းစသည်တို့ကို ထပ်မံစစ်ဆေးအတည်ပြုရန် လိုအပ်နေသေးသည့်အတွက် အချိန်ယူဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်ပါကြောင်း။

ထို့ကြောင့် မဟုတ်မမှန်ဖော်ပြခြင်းများ ရှိမနေစေရန်အတွက် အချိန်ယူပြီးစစ်ဆေးတာဝန်ခံရသည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် စစ်ဆေးတာဝန်ခံရသည့်သူသည် ဥပဒေရေးရာအရ ထိုက်သင့်သောအတွေ့အကြုံရှိရန် လိုပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနယ်မြေတစ်ခုအတွင်းတွင် မျိုးရိုးစဉ်ဆက်အတည်ပြုနေရသောကိစ္စများကို မြို့နယ်/ခရိုင်အားလုံးသို့ချိတ်ဆက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်အတည်ပြုလုပ်ကိုင်နိုင်သည့် စွမ်းအားနှင့်လုပ်ပိုင်ခွင့်များလိုအပ်သောကြောင့် လက်ရှိအခြေအနေတွင် ပုဒ်မ ၆ အရ စိစစ်ရေးကတ်ပြားထုတ်ပေးရေး၌ မမှားယွင်းရအောင် အဆိုပါစွမ်းရည်၊ လုပ်ပိုင်ခွင့်နှင့် ဥပဒေရေးရာတွင် အတွေ့အကြုံရှိသော တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးအဆင့်ကို တာဝန်ခံလက်မှတ်ရေးထိုးထုတ်ပေးစေခြင်းပင်ဖြစ်ပါကြောင်း။

သွေးနှောနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုနှင့် ပတ်သက်၍ အမှားအယွင်းများ ထပ်မံမပေါ်ပေါက်စေရန်အတွက် ၂၀၀၅ ခုနှစ် နိုဝင်ဘာမှစ၍ လမ်းညွှန်ချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဆင့်ထိ အဆင့်ဆင့် တင်ပြအတည်ပြုပြီးမှ ထုတ်ပေးရေးကို ဆောင်ရွက်ခဲ့ဖူးပါကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်တစ်ဦးတည်းက တာဝန်ခံလက်မှတ်ရေးထိုးထုတ်ပေးနေရသဖြင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူများအား အဆင်ပြေအောင် ဖြေလျှော့ပေးသည့်အနေဖြင့် ၄-၄-၂၀၀၇ ရက်တွင် ကျင်းပပြုလုပ်သော နိုင်ငံခြားရေးရာမူဝါဒ ကော်မတီအစည်းအဝေး အမှတ်စဉ် (၁၂/၂၀၀၇)သဘောတူညီမှုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဦးစီးမှူးများက အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပေးစေသည့်အဆင့်သို့ ပြောင်းလဲလျှော့ချခဲ့ပြီး ယင်းစနစ်ဖြင့် ယနေ့အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဖော်ပြပါ အကြောင်းများနှင့် အတိတ်ကာလ အတွေ့အကြုံများအရ **သွေးနှောနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးအဆင့်ထိ တာဝန်ခံစစ်ဆေးအတည်ပြုပြီးမှ ထုတ်ပေးသည့်စနစ်ကို ကျင့်သုံးနေရခြင်းဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသောဖြေလျှော့နည်းအရ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအတွက် မြို့နယ်အဆင့်ထိလျှော့၍လက်မှတ်ရေးထိုးဆောင်ရွက်နေသည့်အခြေအနေရလဒ်များအပေါ် ဆန်းစစ်ပြီး မေးခွန်းရှင်တင်ပြထားသည့်အတိုင်း ပြင်ဆင်ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့်အချိန်တွင် ဆောင်ရွက်ပေးသွားရန်လည်း အလေးအနက်ထားထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါကြောင်း၊ လောလောဆယ်လုပ်ပေးနေမှုအနေဖြင့် လျှောက်ထားသူကာယကံရှင်များဘက်က ပြည့်စုံမှန်ကန်သောအထောက်အထားများပါလာမည်ဆိုလျှင် ကြန့်ကြာသင့် သည့်အချိန်ကာလထက် ပိုမိုကြန့်ကြာမှုမရှိစေရန်နှင့် သတ်မှတ်အခကြေးငွေထက် ပိုမိုကောက်ခံခြင်းများမရှိစေရေးအတွက် စနစ်သစ်ဖြင့် အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး ၎င်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၈)ခုကို မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည်၏ **မိုင်းတုံ-မိုင်းပန်လမ်း(၆၆)မိုင်နှင့် မိုင်းတုံ-မိုင်းဆတ်လမ်း (၄၂)မိုင်တို့ကို ကတ္တရာလမ်းအဖြစ်ခင်းပေးနိုင်ခြင်း ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အရှည်(၁၀၈)မိုင်ရှိသည့် မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်လမ်းကို ၂၀၀၀ပြည့်နှစ် မတ်လမှစ၍ ပျမ်းမျှ(၁၄)ပေအကျယ် လမ်းတာပေါင်ချဲ့ခြင်း၊ အမာခံလမ်း၊ ကျောက်လမ်းနှင့်အတက်အဆင်းမတ်စောက်သောနေရာများတွင် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ခြင်း၊ သစ်သားတံတားများကို အမြဲတမ်း သံကူကွန်ကရစ်တံတားများအဆင့် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တာဆန်း-မိုင်းတုံ-မိုင်းဆက် လမ်းအရှည်(၁၀၈)မိုင် လမ်းအပိုင်းကို စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၀ပြည့်နှစ် အောက်တိုဘာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်လွှဲပြောင်းလက်ခံပြီး အဖွဲ့(၃)ဖွဲ့ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

မိုင်းတုံ-မိုင်းပန်လမ်းနှင့် မိုင်းတုံ-မိုင်းဆတ်လမ်းသည် တောင်ပေါ်လမ်းပိုင်းများဖြစ်ပြီး မိုးရွာသွန်းမှုများပြားသည့်အတွက် တောင်ပြိုလမ်းပိတ်ဆို့ခြင်း၊ လမ်းသားပဲ့ကျပြတ်တောက်ခြင်း၊ တံတားများအား တောင်ကျရေတိုက်စားခြင်းများ မကြာခဏဖြစ်ပေါ်လေ့ရှိသည့် လမ်းအပိုင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် တောင်ကြီးမြို့မှ မိုင်းတုံမြို့နှင့်မိုင်းဆတ်မြို့တို့သို့ ကုန်စည်ပို့ဆောင်လျက်ရှိသော တန်ပိုကုန်တင်ယာဉ်ကြီးများနှင့် သစ်လုံးတင်ကားကြီးများသွားလာမှုကြောင့် လမ်းသားများပျက်စီးခဲ့ရခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် တောင်ကျရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သော မိုင်တိုင်(၁၇၉/၅-၁၇၉/၆)ကြားရှိ ပေ(၄၀)အရှည် ဘေလီတံတားကိုလည်း ပြန်လည်တည်ဆောက်ခဲ့ပြီး မိုင်တိုင်(၁၆၃/၆-၁၆၃/၇)ကြားရှိ (၅၅)ပေအရှည်၊ (၂၄) ပေအကျယ် ကျောက်စီခုံးတံတားနေရာတွင် (၅၅)ပေအရှည်သစ်သားတံတားအသစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

**မိုင်းတုံ-မိုင်းပန်လမ်းနှင့် မိုင်းတုံ-မိုင်းဆတ်လမ်းပိုင်းသည် ကုန်စည်စီးဆင်းမှုများပြားသောလမ်းဖြစ်ပြီး တန်ပိုကုန်တင်ယာဉ်ကြီးများကြောင့် လမ်းပျက်စီးမှုများပြားခဲ့သော်လည်း ဆက်သွယ်သွားလာမှုမပြတ်တောက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကဆက်သွယ်ရေးလမ်းမကြီးဖြစ်သည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့်သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများတင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် လမ်းအဆင့် တိုးတက်ပြုပြင်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်၏ **ဆိပ်ဖြူ-ဆောလမ်းကို အကြီးစားပြင်ဆင်မှုပြုလုပ်၍ အဆင့်မြှင့်ဆောင်ရွက်ပေးပါရန်နှင့် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ လမ်းအရှည်(၆၉)မိုင်(၂)ဖာလုံရှည်လျားသည့် ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းသည် မြို့နယ်ချင်းဆက်လမ်းဖြစ်ပါကြောင်း၊ ၂၂-၁၀-၂၀၁၀ရက်တွင်ဖြစ်ပွားခဲ့သည့် ဂီရိမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးရွာသွန်းမှုများပြီး မိုင်တိုင်(၄၄/၄)မှ (၆၆/၀)အတွင်း လမ်းသားပဲ့ကျခြင်း၊ တောင်မြေပြိုပြီး လမ်းပိတ်ခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း၊ လမ်းအဆက်အသွယ်မပြတ်တောက်စေရန် စက်ယန္တရားများအသုံးပြုပြီး (၁၀)ရက်အတွင်းလမ်းပွင့်အောင် ဂန့်ဂေါခရိုင် အင်ဂျင်နီယာမှူးနှင့်အဖွဲ့က ဆောင်ရွက်ခဲ့ပါကြောင်း၊ လမ်းသားပဲ့ကျသောနေရာများတွင် မြေသားလမ်းအဆင့်ဖြစ်နေသဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ လမ်း၊ တံတားသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း (၆၉)မိုင်(၂) ဖာလုံ၊ အမာခံလမ်းမှ မြေလမ်းအဆင့်နိမ့်ကျပျက်စီးနေသောအပိုင်းအား ကျောက်ဖြည့်ခင်းခြင်း၊ ဖြုန်းသဲကြမ်း(၃)လက်မထုတင်ခင်းကြိတ်၍ လမ်းချောခြင်း(၁)မိုင်၊ အမာခံလမ်းမှ(၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်း(၂)မိုင်(၁)ဖာလုံလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ **ဆိပ်ဖြူ-ဆောလမ်းပေါ်ရှိ ပေ(၃၆၀)အရှည်ရှိသည့် ဆောမြို့တွင်းတံတားသည် တစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်ပါကြောင်း၊ တံတားအုတ်မြစ်မှာ သံကူကွန်ကရစ်ရေတွင်းခွေအမျိုးအစားဖြစ်ပြီး ရေလယ်တိုင်နှင့် ကမ်းကပ်ခုံမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပါကြောင်း၊ သစ်သားကြမ်းခင်း၊ ဘီးလမ်းပြုပြင်ရန်နှင့် တံတားတစ်စင်းလုံးကြံ့ခိုင်ရေးကောင်းမွန်ရန် ဂန့်ဂေါခရိုင်အင်ဂျင်နီယာမှူးနှင့်အဖွဲ့က ပြင်ဆင်ထိန်းသိမ်းခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ကြံ့ခိုင်မှုကောင်းမွန်သောအခြေအနေရှိသဖြင့် သံကူကွန်ကရစ်တံတား အဖြစ်အဆင့်မြှင့်တည်ဆောက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ ဆိပ်ဖြူ-ဆောလမ်းကို အဆင့်မြှင့်တင်ခြင်းနှင့်သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများတင်ပြတောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **အရှည်(၂၇)မိုင်(၄)ဖာလုံရှိသော မြေပုံ-မင်းပြား ကျောက်ခင်းလမ်းအား ကားကြီး၊ ကားငယ်များလွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် ကတ္တရာခင်းပေးနိုင်ခြင်း ရှိ /မရှိနှင့် အဆိုပါကားလမ်းအား နိုင်ငံတော်အစိုးရက ယခုထက်ပိုမိုကောင်းမွန်လာအောင်မည်သို့ ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြေပုံ-မင်းပြားလမ်းသည် အရှည် (၂၄)မိုင်(၇)ဖာလုံရှိပြီး မြေပုံမြို့မှ မင်းပြားမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဖြစ်ပါကြောင်း၊ ယခင်က လူထုအင်အားဖြင့် ကျေးရွာချင်းဆက် မြေသားတာပေါင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် မတ်လတွင် လမ်းအူကြောင်းတိုင်းတာပြီး စက်ယန္တရားကြီးများနှင့် စတင်ဖောက်လုပ်ခဲ့ပါကြောင်း၊ လမ်းတစ်လျှောက် ရွာကြီး(၁၅)ရွာကို ဖြတ်သန်းဖောက်လုပ်ထားသည့်အတွက် ဒေသတွင်း အရေးပါသော လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ဖြတ်သန်းသည့်လမ်းတစ်လျှောက် မြစ်(၁)စင်း၊ ချောင်းကျယ်(၅)ခုနှင့် ချောင်းငယ်ပေါ်များခြင်းကြောင့် တံတားပေါင်း(၅၈)စင်းရှိပါကြောင်း၊ မြေပုံမြို့မှ ဝက်ခေါင်းရွာအထိ (၆)မိုင်(၆)ဖာလုံကို ကျောက်လမ်းခင်းပြီးဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများနှင့် သစ်သားတံတားများကြံ့ခိုင်မှုရှိစေရန် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းကို ပထမဦးစွာ ပျမ်းမျှအကျယ်(၁၄)ပေ လမ်းတာပေါင်ရရှိအောင် ဆောင်ရွက်ပြီး ရာသီမရွေးသွားလာနိုင်သော **စာမျက်နှာ ၆ ကော်လံ ၁ သို့**☆

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူ

နေပြည်တော် အောက်တိုဘာ ၅

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့သို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၅) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ်၏ **"ကယားပြည်နယ် ရှားတောမြို့နယ် သရိဒါးတိုက်နယ်သည် လွိုင်ကော်မှမိုင် (၄၀)၊ ရှားတောမှ (၃၅)မိုင် ကွာဝေးပြီး နွေရာသီတွင် မော်တော်ယာဉ်များ သွားလာနိုင်သော်လည်း မိုးရာသီတွင် သွားလာနိုင်ခြင်းမရှိသောကြောင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နေရပါသဖြင့် ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ ကာလကြာမြင့်၍ လည်းကောင်း ပျက်စီးခဲ့ရသော (၁၆)ခုတင်ဆံ့ သရိဒါးတိုက်နယ်ဆေးရုံအဆောက်အအုံအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သရိဒါးတိုက်နယ်ဆေးရုံသည် ကျန်းမာရေးဝန်ကြီး ဌာနမှ ဆေးရုံအဆောက်အအုံဆောက်လုပ်ရန် နှစ်တို၊ နှစ်ရှည် စီမံကိန်း အဆိုပြုလျာထားချက်များတွင် မပါဝင်သော်လည်း ပြန်လည်ဆောက်လုပ်လိုသည့် သတ်မှတ်ပုံစံနှင့်တကွ ကုန်ကျစရိတ်များ တွက်ချက်ကာ ကယားပြည်နယ် ကျန်းမာရေးဦးစီး ဌာနမှတစ်ဆင့်တင်ပြပါက ဦးစားပေးအစီအစဉ်အရ နိုင်ငံတော်၏ ရန်ပုံငွေလျာထားမှုတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **"ဖလမ်းမြို့နယ် ဖိုင်ဇောလ်ကျေးရွာ၊ ဒုမန်းကျေးရွာ၊ ဆွောင်းဒိုကျေးရွာနှင့် ကူးလ်ဝမ်ကျေးရွာတို့တွင် သားဖွား ဆေးပေးခန်း တစ်ခုစီ ဖွင့်လှစ်ပေးရန်နှင့် သားဖွားဆရာမတစ်ဦးစီ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန(၉)ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဖိုင်ဇောလ်ကျေးရွာ၊ ဒုမန်းကျေးရွာ၊ ဆွောင်းဒိုကျေးရွာနှင့် ကူးလ်ဝမ်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ အသစ်ဖွင့်လှစ်ရန် တင်ပြထားခြင်းအပေါ် ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ထားရှိသည့် အချက်အလက်များဖြစ်သော **ကျေးလက်ကျန်းမာရေးဌာနခွဲတည်နေရာ၊ ဧရိယာအကျယ်အဝန်း၊ စတုရန်းမိုင်၊ လူဦးရေနှင့် အိမ်ခြေ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက အကျိုးပြုမည့် ဧရိယာအကျယ်အဝန်း၊ အနီးဆုံး ဆေးရုံ/ ကျန်းမာရေးဌာန အကွာအဝေး၊ လက်ရှိကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားခြင်း ရှိ/မရှိ၊ အဆောက်အအုံအခြေအနေ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ လုံခြုံရေးအခြေအနေ၊ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ သဘောထားထောက်ခံချက်တို့ပါဝင်သော ဖွဲ့စည်းပုံ အဆိုပြုတင်ပြချက်တို့ကို သတ်မှတ်ပုံစံနှင့်တကွ ကုန်ကျစရိတ်များပါ တွက်ချက်ဖော်ပြ၍ တင်ပြလာပါက ကျန်းမာရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၏ **"ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၁၉)ရွာရှိပြီး အိမ်ခြေအားဖြင့်(၅၀၀၀)၊ လူဦးရေအားဖြင့် (၂၀၀၀၀)ခန့်ရှိပါသဖြင့် ပင်းဘောကျေးရွာအုပ်စု တိုက်နယ်ဆေးရုံရှိ ဆရာဝန်၊ သူနာပြုဦးရေနှင့် လူနာအချိုးအစား မမျှမတဖြစ်နေရာ ဆရာဝန်နှင့်သူနာပြုဝန်ထမ်းများ ထပ်မံခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ မိုးကောင်းမြို့နယ်တွင် ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၅)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၀) တို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ပင်းဘောတိုက်နယ်ဆေးရုံ၌ ဆရာဝန်(၁)ဦး၊ အထက်တန်းသူနာပြု(၁)ဦး၊ ဆေးစပ်(၁)ဦး၊ လုပ်သား(၃)ဦး စုစုပေါင်း ဝန်ထမ်းအင်အား(၆)ဦး ခွင့်ပြုထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအရ ဆရာဝန်တစ်ဦးထက်ပို၍ ခန့်ထားခွင့်ရှိလာပါက ဦးစားပေးခန့်ထားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ခရိုင်/ မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများကို စံကိုက်ဖွဲ့စည်းပုံရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိသောကြောင့် ပင်းဘော တိုက်နယ်ဆေးရုံအတွက် စံကိုက်ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပါက ဆရာဝန် (၂)ဦး၊ အထက်တန်း သူနာပြု(၂)ဦး၊ သူနာပြု (၄)ဦး အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား (၁၇)ဦး ပါဝင်သော ဖွဲ့စည်းပုံဖြင့် ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားပေးမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအပေါ် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးနု၊ ဦးဖုန်းမြင့်အောင်၊ ဦးခင်မောင်ရီနှင့် ဦးဆိုင်ပေါင်းနပ်တို့က ဥပဒေကြမ်း ပြင်ဆင်ချက်အပိုဒ် ၄၊ ပြင်ဆင်ချက်အပိုဒ် ၈၊ ပြင်ဆင်ချက်အပိုဒ် ၈(ဇ)(၅)၊ ပြင်ဆင်ချက်အပိုဒ် ၁၀(က)နှင့် ပြင်ဆင်ချက်အပိုဒ် ၁၆(ဒ)တို့ကို ဆွေးနွေးကြပြီး ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် လွှတ်တော်က ဆုံးဖြတ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမျိုးသားလွှတ်တော်ဌာနသို့ ၂၀၁၁ ခုနှစ် အောက်တိုဘာ (၁၀)ရက် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆွေအောင်က **"လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်း မရှိစေရန် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမျိုးသားလွှတ်တော်ဌာနသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ကကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက **"မြရိပ်ညိုပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဖောင်ဒေးရှင်းထူထောင်ရန်ကိစ္စ"** နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်သို့တင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် မစ္စက်ဗလန်တီနာမက်ထ်ဗီယန်ကို ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို မွန်းလွဲ (၁) နာရီ (၄၅) မိနစ်တွင် ရပ်နားလိုက်ပြီး (၃၂)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၆ ရက် (ကြာသပတေးနေ့) နံနက် (၁၀) နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကျန်းမာရေးဆိုင်ရာ မေးခွန်း (၃)ခုကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၂)ခုကို တင်သွင်းခြင်း၊ ယင်းတို့အနက်မှ (၁)ခုကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် ဆုံးဖြတ်ခြင်းနှင့် ကျန်(၁)ခုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခြင်း၊ အဆိုအသစ်(၁)ခု တင်သွင်းခြင်း၊ အစီရင်ခံစာ (၁)ခုတင်သွင်းခြင်းနှင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ(၁)ခု ပေးပို့ရန် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



### ကြည့်ရှုစစ်ဆေး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့ ကျောက်ဆည်မြို့ ဇော်ဂျီမြစ်ကူးတံတားမှ ဇော်ဂျီမြစ်ရေစီးဆင်းနေမှုကို ကြည့်ရှုစစ်ဆေး ကြစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ကျောက်ဆည်မြို့နယ်ရှိ ရေလှောင်တမံနှင့် ရေလွှဲဆည်များကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့သည် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာအုပ်စု သံရွာရှိ ငမြောင်းဆည်သို့ ရောက်ရှိပြီး ဆည်၏ကြံ့ခိုင်မှုများကိုလည်းကောင်း၊ နောင်ခမ်းရွာရှိ ရေထိန်းတံခါးအသစ် တည်ဆောက်မည့် နေရာကို လည်းကောင်း၊ ဇော်ဂျီမြစ်ကူးတံတားမှ ဇော်ဂျီမြစ်ရေများ အဆင့်ဆင့်စီးဆင်းနေမှုကိုလည်းကောင်း၊ ဆူးကုန်းတံတားမှ ဇော်ဂျီမြစ်ရေ စီးဆင်းမှု၊ ဆူးကုန်းရပ်ကွက်နှင့် အောက်ချိုင်းရပ်ကွက်များ ရေဝင်ရောက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။**

ထို့နောက် တံတားလယ်တံတားမှ ရေများစီးဆင်းနေမှု၊ တံတားလယ် ရပ်ကွက်အတွင်း၌ မြစ်ရေဝင်ရောက်မှု တို့ကို ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီး နစ်မြုပ်မှုများအား ကာကွယ်နိုင်ရန် အတွက် ရေရှည်တည်တံ့ခိုင်မြဲသော ရေထိန်းတံခါးများ တည်ဆောက်ရေး ဆောင်ရွက်ရန်၊ သဲနုန်းတူးဖော်ခြင်း အပြင် နှစ်စဉ် သဲနုန်းပို့ချခြင်းကြောင့် ချောင်းကြမ်းပြင်မြင့်တက်လာပြီး မြစ်ရေ လျှံမှု မဖြစ်ပေါ်စေရေးအတွက် ဇော်ဂျီ ရေထိန်းဆည်အား ဆည်မြောင်းဦးစီး ဌာန ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲက ပြန်လည် သုံးသပ်ဆောင်ရွက်ရန်တို့ကို မှာကြား သည်။

### ပြောင်းလဲစိုက်ပျိုး

ဆက်လက်၍ ကျောက်ဆည်မြို့ပေါ် ရပ်ကွက်အချို့ ရေကြီးနစ်မြုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည် စိုက်ပျိုးရေးသုတေသနခြံကို ရောက်ရှိ ရာ သုတေသနခြံရှိ စိုက်ခင်း ၆၂ ဧက အား ကွက်လပ်မကျန် စိုက်ပျိုးရန်၊ ဒေသတွင်းရှိ တောင်သူလယ်သမားများ၏ စံပြနမူနာ အဖြစ် G.A.P စိုက်နည်းများဖြင့် ဆောင်ရွက်ပြသပြီး လယ်သမားများ ပင်ပန်းကြီးစားရသည့် အကျိုးကျေးဇူး ဝင်ငွေတွက်ခြေကိုက်သည့် အထွက်နှုန်း မြင့်မားသောမျိုးများ ပြောင်းလဲစိုက်ပျိုး ပြသရေး ဆောင်ရွက်ရန်တို့ကို မှာကြား သည်။

ယင်းနောက် ဝမ်းတွင်းမြို့နယ် ရွှေတောင်ဝါစိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး ၄၅ ရက်သားရှိ ငွေချည်(၆)ဝါ စိုက်ခင်း ဧက ၈၀ စိုက်ပျိုးဆောင်ရွက်ထားရှိမှုနှင့် ဧက ၁၀၀ စပါးသုတေသနစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

☆ စာမျက်နှာ ၄ မှ

ကျောက်ချောလမ်းအဆင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ **လောလောဆယ် အစီအစဉ်အရ ကတ္တရာလမ်းခင်းရန် အစီအစဉ်မရှိသေးပါကြောင်း၊ လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၏ **နိုင်ငံ့ဝန်ထမ်းများအတွက်လည်းကောင်း၊ အိမ်ရာလိုအပ်လျက်ရှိသော ပြည်သူများအတွက်သော်လည်းကောင်း တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ၊ တန်ဖိုးနည်းပြည်သူ့အိမ်ရာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရန် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဖော်ဆောင်သောနည်း၊ ပိုမိုကောင်းမွန်သောနည်းလမ်းများစသည့် နည်းလမ်းအသီးသီးဖြင့် ဖော်ဆောင်ပေးနိုင်မှု ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၆၇ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြင်သာနှင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအိမ်ရာတို့တွင် တန်ဖိုး(၅၀)ရာခိုင်နှုန်း ငွေပေးချေပြီး တက်ရောက်နေထိုင်ခွင့်ပေးကာ (၁၅)နှစ်ကာလ အရစ်ကျစနစ်ဖြင့် ရောင်းချသည့်စနစ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ငွေပေးချေရာတွင် ဘဏ်အတိုးနှုန်းအတိုင်းသတ်မှတ်ပြီး ငွေကျေသည့်အခါမှ ပိုင်ဆိုင်မှုဂရန် ထုတ်ပေးခဲ့ပါကြောင်း။

၁၉၉၇ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ယုဇနဉယျာဉ်မြို့တော် အိမ်ရာစီမံကိန်းကို နိုင်ငံတော်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ (၄)ထပ်အခန်းတွဲ တိုက်များ၊ လုံးချင်းတိုက်များကို အကောင်အထည်ဖော် ဆောက်လုပ်ခဲ့ပါကြောင်း၊ ထိုအချိန်က အနည်းဆုံးတန်ဖိုး ကျပ်(၄)သိန်းခန့်နှင့် စတင်ရောင်းချခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အနည်းဆုံး ကျပ်(၂၃)သိန်းနှင့် အများဆုံး ကျပ် (၄၇)သိန်း၊ ၂၀၀၉ ခုနှစ်တွင် ခန့်မှန်းဈေးနှုန်းအနည်းဆုံး ကျပ်(၄၄)သိန်းမှ အများဆုံး ကျပ်(၇၈)သိန်းနှင့် ရောင်းချခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက မြေနေရာသတ်မှတ်ပေး၍ ကုမ္ပဏီများကို အဆောက်အအုံ ဆောက်လုပ်စေပြီး မြေနေရာအကွက်အကွင်းအလိုက် အချိုးသတ်မှတ်ခွဲဝေဆောင်ရွက်လျက် ဌာနမှရရှိသော အခန်းများအား ရာထူးအဆင့်အလိုက်သော်လည်းကောင်း၊ လူမှုရေးအခက်အခဲအရ သော်လည်းကောင်း လျှောက်ထားလာသည့်လျှောက်လွှာများကို ဘုတ်အဖွဲ့ဖြင့်စိစစ်ရောင်းချပေးခြင်းများ ရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအစီအစဉ်ဖြင့် အဆောက်အအုံများ ဆောက်လုပ်စေပြီး လျှောက်ထားလာသည့်လျှောက်လွှာများကို ဘုတ်အဖွဲ့ဖြင့်ပင် စိစစ်ရောင်းချပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**နိုင်ငံ့ဝန်ထမ်းများအတွက်သော်လည်းကောင်း၊ အိမ်ရာလိုအပ်လျက်ရှိသော ပြည်သူများအတွက် သော်လည်းကောင်း တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ၊ တန်ဖိုးနည်းပြည်သူ့အိမ်ရာများ ရောင်းချပေးနိုင်ရန် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဖော်ဆောင်သောနည်း၊ ပိုမိုကောင်းမွန်သောနည်းလမ်းအသီးသီးဖြင့် ဖော်ဆောင်ပေးရန် ၁၉၆၇ ခုနှစ်တွင် ပြည်တွင်းထုတ်ချေးငွေနှင့် (၁၅)နှစ်အရစ်ကျဖြင့်(၁)ကြိမ်၊ ၁၉၉၇ ခုနှစ်တွင် မြေနေရာပေး၍ ယုဇနကုမ္ပဏီဖြင့် အဆောက်အအုံဆောက်လုပ်ရောင်းချမှု(၁)ကြိမ် စုစုပေါင်း (၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့သော်လည်း တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ၊ တန်ဖိုးနည်းပြည်သူ့အိမ်ရာများကို အရစ်ကျစနစ်ဖြင့် ဆောက်လုပ်ရောင်းချရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း**ဖြင့် ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၏ **ကျိုင်းတုံ-မိုင်းခတ်လမ်း(၅၁)မိုင်နှင့် မိုင်းခတ်-မိုင်းယန်းလမ်း(၂၂)မိုင်တို့၌ ကားကြီးများအဆက်မပြတ်သွားလာမှုကြောင့် ပျက်စီးယိုယွင်းမှုများရှိရာ ၎င်းကိစ္စကို မည်သို့ဆောင်ရွက်ပေးမည်နှင့် ရာသီမရွေးဆက်သွယ်သွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးရန် ဝအစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းကို နိုင်ငံတော်မဟာဗျူဟာလမ်းများဖောက်လုပ်ရေးကော်မတီ အစီအစဉ်ဖြင့် ၂၀၀၀ ပြည့်နှစ် မတ်လတွင် 'ဝ'အထူးဒေသက တာဝန်ယူဖောက်လုပ်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇူလိုင်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါလမ်းသည် တောတောင်ထူထပ်ပြီး တောင်ကြောနှင့်ကမ်းပါးတစ်လျှောက်ဖောက်လုပ်ထားခြင်း၊ တောင်ကျရေပြင်းထန်စွာကျသော တောင်ကျချောင်းများကို ဖြတ်သန်းဖောက်လုပ်ထားသည့်အတွက် တောင်ပြိုခြင်း၊ တံတားရေတိုက်စားခြင်း၊ လမ်းသားပြတ်တောက်ခြင်းများ နှစ်စဉ်ဖြစ်ပေါ်ခဲ့သောလမ်းဖြစ်ပါကြောင်း၊ နိုင်ငံတော်မဟာဗျူဟာလမ်းများဖောက်လုပ်ရေး အစီအစဉ်အရ ဆက်သွယ်သွားလာမှုမပြတ်တောက်စေရေး လမ်းတာပေါင်အကျယ် ပျမ်းမျှ(၃၄)ပေအကျယ်ရရှိရန်လမ်းချဲ့ခြင်း၊ (၁၆)ပေအကျယ် ကျောက်လမ်းခင်းခြင်း၊ အတက်အဆင်းမတ်စောက်သောနေရာများတွင် ကတ္တရာလမ်းခင်းခြင်း၊ သစ်သားတံတားများကို အမြဲတမ်းတံတားများအဖြစ် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

တံတားများအားလုံး သစ်သားတံတားအဆင့်မကျန်ရှိအောင် ဆောင်ရွက်ခဲ့သည့်လမ်းဖြစ်ပါကြောင်း၊ မတ်စောက်သောကမ်းပါးဖြစ်သည့်အတွက် မြေထိန်း၊ မြေကာနံရံ(၁၁)ခုတည်ဆောက်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဆက်သွယ်သွားလာမှုများ လွယ်ကူချောမွေ့စေခဲ့ပါကြောင်း၊ မိုးရွာသွန်းမှုများပြားခြင်း၊ တန်ပိုကုန်တင်ကားကြီးများ သွားလာမှုများပြားခဲ့သည့်အတွက် မြေသားလမ်းပိုင်းများနိမ့်ကျွံပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၎င်းလမ်းချိုင့်များကို ကျောက်ဖြည့်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ချောမွေ့စွာသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ **တန်ပိုတင်ဆောင်ခြင်းကိုလည်း စမ်းသပ်စစ်ဆေးနိုင်ရန် ကျိုင်းတုံ-မိုင်းခတ်လမ်းပိုင်းရှိ ဝမ်တာပုံတံတားတွင် တန်ချိန်ကတ္တားကို တပ်ဆင်ပြီးဖြစ်ပါကြောင်း၊ ကျိုင်းတုံ-မိုင်းခတ်လမ်းနှင့်မိုင်းခတ်-မိုင်းယန်းလမ်းတို့ကို လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် လမ်းအဆင့်တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့်ဖြေကြားသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ **ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဦးဒေသရှိ ကတ္တရာလမ်းများ ကြံ့ခိုင်မှုမရှိဘဲ ပျက်စီးယိုယွင်းနေသည်ကို နိုင်ငံတော်က ရန်ပုံငွေချထားပေးပြီး အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မင်းဘူး-အမ်း-စစ်တွေလမ်းသည် ရခိုင်ပြည်နယ် မြောက်ဦးဒေသ မြောက်ဦးမြို့တွင်း ဖြတ်သန်းဖောက်လုပ်ထားသော လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ မြောက်ဦးမြို့သည် မင်းဘူး-အမ်း-စစ်တွေလမ်း၏ မိုင်တိုင်(၁၁၀/၄)တွင်တည်ရှိပြီး မြောက်ဦးမြို့နယ်အတွင်း မိုင်တိုင်(၉၉/၄)မှ မိုင်တိုင်(၁၂၈/၀)အထိ အရှည်(၂၈)မိုင်(၄) ဖာလုံရှည်လျားပါကြောင်း၊ ၎င်းလမ်းပိုင်းတစ်ခုလုံးအနေဖြင့် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြောက်ဦးမြို့တွင်းပိုင်းတွင်(၂၄)ပေအကျယ် ကတ္တရာလမ်း(၄)ဖာလုံ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြောက်ဦးမြို့နယ်အတွင်း မင်းဘူး-အမ်း-စစ်တွေလမ်းပိုင်းပေါ်ရှိ မူလသစ်သားတံတားဟောင်းများဖြစ်သော ပေ(၁၀၀)အရှည်ရှိ အလယ်ဈေးတံတား၊ ပေ(၇၀)အရှည်ရှိ ကြက်ဈေးတံတား၊ ပေ(၆၀) အရှည်ရှိ ငွေတောင်ပေါက်တံတားများကိုလည်း အမြဲတမ်းသံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပြီး ဖြစ်ပါကြောင်း။

**မင်းဘူး-အမ်း-စစ်တွေလမ်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ရခိုင်ပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းလည်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းမကြီး ဖြတ်သန်းသွားသော မြောက်ဦးမြို့နယ်လမ်းပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့်သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံ၍ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း၏ **မက်မန်းမြို့နယ်မှ ဟိုပန်ခရိုင်သို့ လွယ်ကူစွာသွားလာနိုင်ရန်အတွက် တန့်ယန်းနှင့် မိုင်းရှူးမြို့ကြားရှိ ကျန်ရှိမြေလမ်းအားပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ တန့်ယန်း-မိုင်းရှူးလမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တန့်ယန်းမြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မိုင်းရှူးမြို့တို့ကို ဆက်သွယ်ထားသောလမ်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တန့်ယန်း-မိုင်းကောင်-မိုင်းအော့အထိသည် (၄၃)မိုင်ရှည်လျားပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုင်းအော့(နယ်စပ်)မှ မိုင်းရှူးမြို့အထိ(၁၂)မိုင်ရှည်လျားရာ စုစုပေါင်း(၅၅)မိုင်ရှည်လျားပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုးခရိုင် တန့်ယန်းမြို့နယ် အင်ဂျင်နီယာအဖွဲ့က တာဝန်ယူ ထိန်းသိမ်းလျက်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် အင်ဂျင်နီယာအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဆက်သွယ်ထားသော တန့်ယန်း-မိုင်းရှူးလမ်းပေါ်ရှိ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ၏ **မိုင်းရှူးမြို့မှ မိုင်းနောင်မြို့သို့ ဆက်သွယ်ထားသော အရှည် (၃၇)မိုင်ရှိကားလမ်းမကြီးအား အဆင့်မြှင့်ပြုပြင်ရန်နှင့် ကုန်တင်ကားများ ဖြတ်သန်းသွားလာနိုင်သော နမ့်ကတ်တံတားကို အသစ်ပြန်လည်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မိုင်းရှူး-မိုင်းနောင်လမ်းသည် ရှမ်းပြည်နယ်(အလယ်ပိုင်း)လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်းပေါ်တွင်ရှိသော မိုင်းနောင်မြို့နယ်ခွဲ မိုင်တိုင်(၄၅/၄)မှ မိုင်းရှူးမြို့နယ် မိုင်တိုင်(၈၃/၀)အထိ ဆက်သွယ်ထားပြီး (၃၇)မိုင်(၄)ဖာလုံရှည်လျားသည့် လမ်းပိုင်းဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ် (အလယ်ပိုင်း)မိုင်းနောင်မြို့နယ်ခွဲအင်ဂျင်နီယာအဖွဲ့က မိုင်တိုင်(၄၅/၄)(မိုင်းနောင်မြို့)မှ မိုင်တိုင်(၆၆/၀) အထိ မိုင်(၂၀)(၄)ဖာလုံအားလည်းကောင်း၊ မိုင်းရှူးမြို့နယ် မိုင်တိုင်(၆၆/၀)မှ မိုင်တိုင်(၈၃/၀)(မိုင်းရှူးမြို့)အထိ (၁၇)မိုင်အားလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

ရှမ်းပြည်နယ်(အလယ်ပိုင်း)လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်အတွင်း မိုင်းနောင်-မိုင်းရှူးလမ်း မိုင်တိုင် (၇၈/၆)ရှိ တံတားအမှတ်(၂/၇၉)နမ့်ပန်ချောင်း (နမ့်ကတ်) ဘေလီတံတားသည် ပေ(၂၅၀)အရှည်ရှိပါကြောင်း၊ ခန်းဖွင့်အကျယ်အနေဖြင့် အရှည်ပေ(၅၀)ရှိ နှစ်လွှာတစ်ထပ်ဘေလီ၊ အရှည်ပေ(၁၆၀)ရှိ နှစ်လွှာနှစ်ထပ်ဘေလီနှင့် အရှည်ပေ(၄၀)ရှိ နှစ်လွှာနှစ်ထပ်ဘေလီတို့ ဖြစ်ပါကြောင်း၊ ရေလယ်တိုင်များကို အုတ်ရိုးစီတိုင်များဖြင့် တည်ဆောက်ထားပါကြောင်း။

**နမ့်ပန်ချောင်း(နမ့်ကတ်)တံတားသည် နှစ်ကာလကြာမြင့်ပြီဖြစ်ရာ ဘေလီသံပေါင်များ ကြံ့ခိုင်မှုအားနည်းလာပြီဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တံတားအသစ် အဆင့်မြှင့်ဆောက်လုပ်ရန် ၂၄-၁-၂၀၁၁ ရက်တွင် ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၁၁)သို့ တင်ပြခဲ့ရာ ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နမ့်ပန်ချောင်း(နမ့်ကတ်)ဘေလီတံတားအား တံတားအသစ်အဆင့်မြှင့်တည်ဆောက်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိုင်းရှူး-မိုင်းနောင်လမ်းပေါ်ရှိ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက နယ်စပ်ရေးရာကဏ္ဍဆိုင်ရာမေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ပြန်လည်ဖြေကြားသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ **နှစ်ပေါင်း(၈၀)ကျော်ကြာမြင့်ပြီဖြစ်သော အန္တရာယ်ရှိ တံတား(၂)စင်း(ကံလှတံတားနှင့် ညောင်ပင်ဈေးတံတား)မှာ ပြိုကျပျက်စီးမည့်အခြေအနေရောက်ရှိနေပါသဖြင့် မည်သည့်အချိန်တွင် တံတားသစ်ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြောက်ဦးမြို့ရှိ ကံလှတံတားသည် ၁၉၂၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော (၆၅ပေ×၁၂ပေ× ၁၈ပေ)ရှိ ကွန်ကရစ်တံတားဖြစ်ပြီး လက်ရှိအခြေအနေတွင် ပြုပြင်ပေးရန်လိုအပ်သောတံတား၏ လက်ရန်းတိုင်နှင့် လက်ရန်းတန်းများ၊ ကြမ်းခင်းများအား ယခုဘဏ္ဍာရေးနှစ်တွင် ငွေကျပ်(၁)သန်း သုံးစွဲပြင်ဆင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

အလားတူ ညောင်ပင်ဈေးတံတားသည် ၁၉၂၈ ခုနှစ်တွင် တည်ဆောက်ခဲ့သော (ပေ၈၀×၁၂ပေ× ၃၂ပေ)ရှိ ကွန်ကရစ်တံတားဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ရေတိုက်စားမှုကြောင့် ညောင်ပင်ဈေးဘက်ကမ်းကပ်ခုံမှာ(၂)ပေခန့် နိမ့်ကျလျက်ရှိရာ အဆိုပါ ကမ်းကပ်ခုံအား ဘိုးပိုင်ဖောင်ဒေးရှင်းဖြင့် ဆောင်ရွက်ပြီး သံကူကွန်ကရစ်တိုင်၊ သံပေါင်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းများ အသစ်ပြန်လည်တည်ဆောက်ပေးရန်အတွက် ယခုဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း(၅၀)သုံးစွဲ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါတံတား(၂)စင်းအား အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် (၅၁)သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်၏ **ဟောင်လိတ်ကျေးရွာအုပ်စုနှင့် ဝှေလေလန်ကျေးရွာကြားရှိ ဝမ်ပုံလမ်းတံတားဖြတ်သန်းခကောက်ခံသောဂိတ်ဖြတ်သန်းခနှုန်းထားသည် မတန်တဆ များပြားနေသဖြင့် ဒေသခံပြည်သူများအတွက် နစ်နာမှုများရှိနေသည်ကိုတွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ၎င်းကိစ္စနှင့်ပတ်သက်၍ မည်သို့သော အစီအစဉ်များဖြင့် ပြုလုပ်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စုနှင့် ဝှေလေလန် ကျေးရွာအကြားရှိ ဝမ်ပုံလမ်းသည် လမ်းပန်းဆက်သွယ်မှုလျင်မြန်လွယ်ကူစေရန်နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခနလင်းကုမ္ပဏီတို့ B.O.T စနစ်ဖြင့် အနှစ်(၂၀)လုပ်ငန်းလုပ်ကိုင်ခွင့်အား ၂၂-၈-၁၉၉၈ ရက်တွင် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့သောလမ်း ဖြစ်ပါကြောင်း။

ထိုစာချုပ်တွင် လုပ်ငန်းရှင်မှ အဆိုပါလမ်း/တံတားဖြစ်မြောက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်၊ လမ်းနှင့်တံတား အစဉ်ကောင်းမွန်စေရန် ကောက်ခံမှုနှုန်းထားအား အချိန်ကာလအလိုက် ခရီးသွားပြည်သူများအဆင်ပြေစေရေး နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော နှုန်းထားဖြင့် ကောက်ခံသွားရန်နှင့် ၁-၃-၁၉၉၉ ရက်မှ ၁-၃-၂၀၁၉ ရက်အထိ ဆိုင်ကယ် ထိုင်းဘတ်ငွေ(၂၀)၊ မြန်မာငွေကျပ်(၂၀၀)၊ ကားငယ် ထိုင်းဘတ်ငွေ(၅၀)၊မြန်မာငွေကျပ်(၅၀၀)၊ ထော်လာဂျီ(ကုန်မပါ) ထိုင်းဘတ်ငွေ(၃၀)၊ မြန်မာငွေကျပ်(၃၀၀)၊ ထော်လာဂျီ (ကုန်ပါ) ထိုင်းဘတ်ငွေ(၅၀)၊ မြန်မာငွေကျပ်(၅၀၀)၊ ကုန်တင်ကား(ကုန်မပါ) ထိုင်းဘတ်ငွေ(၅၀)၊ မြန်မာငွေကျပ်(၅၀၀)၊ ကုန်တင်ကား (ကုန်ပါ) ထိုင်းဘတ်ငွေ(၁၀၀)၊ မြန်မာငွေကျပ်(၁၀၀၀)နှုန်းထားများဖြင့် ကောက်ခံသွားရန်ဖော်ပြထားပါကြောင်း၊ လမ်းတံတားဖြတ်သန်းခကောက်ခံသည့် လုပ်ငန်းစတင်ချိန်တွင်လည်း သတ်မှတ်နှုန်းထားများနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့်သူများနှင့် နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော နှုန်းထားဖြစ်/မဖြစ်သိရှိနိုင်ရေးအတွက် စမ်းသပ်ကာလ(၃)လကောက်ခံခဲ့ပြီး ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ခြင်းမရှိသည့်အတွက် အဆိုပါနှုန်းထားများအား လက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ဆောင်ရွက်ပြီးသည့်အချိန်နောက်ပိုင်းတွင် ထိုင်းဘတ်ငွေတန်ဖိုးများပြောင်းလဲလာမှုကြောင့် ယခုကဲ့သို့ လမ်းအသုံးပြုခ ကျသင့်ငွေနှုန်းထားများ မြင့်မားလာရခြင်းဖြစ်ပါကြောင်း၊ **အဆိုပါလမ်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်အခွင့်အာဏာတွင်း သက်ရောက်လျက်ရှိသဖြင့် မူလသဘောတူညီချက်တွင် ပါဝင်သည့် အချိန်ကာလအလိုက် ခရီးသွားပြည်သူများ အဆင်ပြေစေရေးနှင့် နှစ်ဦးနှစ်ဖက်လက်ခံနိုင်သောနှုန်းထားဖြင့် ပြင်ဆင်ကောက်ခံရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်လုပ်ငန်းရှင်တို့ညှိနှိုင်းစေပြီး နှစ်ဦးနှစ်ဖက်လက်ခံနိုင်မည့် နှုန်းထားသတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့က တင်သွင်းခဲ့သော မောင်တောမဲဆန္ဒနယ်မှ ဦးဇော်ကိရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း၏**"အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာဥပဒေ (Condominium Law)အား တရားနည်းလမ်းမျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှစီစဉ်မှုပြုပေးပါရန်"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးကြသည်။

ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းက ဆွေးနွေးရာတွင် ကွန်ဒိုဥပဒေ၊ နည်းဥပဒေပေါ်ထွန်းလာပြီးနောက် တရားဥပဒေဘောင်အတွင်းမှ နိုင်ငံခြားသားများအား ရာခိုင်နှုန်းအချိုးအစားတစ်ခုသတ်မှတ်၍ ဝယ်ယူခွင့်ပြုပေးမည်ဆိုပါက မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အထပ်မြင့်အဆောက်အအုံများကို ပိုမိုတိုးချဲ့ ဆောက်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်က ဆွေးနွေးရာတွင် ကွန်ဒိုဥပဒေရှိမည်ဆိုပါက ကွန်ဒိုဝန်ဆောင်ခကွာဟမှုများရှိနေမှုအတွက် အဆင်ပြေစေနိုင်မည်ဖြစ်ပါကြောင်း၊ ဤအဆိုသည် နိုင်ငံတော်နှင့်ပြည်သူများအကျိုးအတွက် လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခေတ်မီရေးအတွက် လည်းကောင်း မဖြစ်မနေလိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေက ဆွေးနွေးရာတွင် ကွန်ဒိုမီနီယမ် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းပေးနိုင်ပါက ဝယ်ယူထားသောအခန်းများကို ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်၊ ဘဏ်တွင်အပေါင်ထား၍ ငွေချေးယူနိုင်ခွင့် စသည့်ကိစ္စရပ်များအား ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မလိုအပ်သော အိမ်ရှင်၊ အိမ်ငှားပြဿနာများလည်း ကင်းရှင်းသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့်အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်မှုသည်လည်းကောင်း၊ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံသားတိုင်း၏ ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု အခြေတည်ခိုင်မာစေရေးသည်လည်းကောင်း အဓိကကျသောကြောင့် နိုင်ငံတကာအဆင့်မီ ခေတ်မီခိုင်ခံ့လှပပြီး စနစ်တကျတည်ဆောက်ထားသော ကွန်ဒိုမီနီယမ်များတည်ဆောက်နိုင်ရေး၊ နိုင်ငံသားများဝယ်ယူပိုင်ဆိုင်နေထိုင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့အတွက် အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရန်အဆိုပြုချက်သည် ရည်ရွယ်ချက်ကောင်းမွန်သောအဆိုပြုချက်ဖြစ်ပါကြောင်း။

**ယခုအဆိုပြုတင်ပြထားသည့်အတိုင်း အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြင့်မားစေသည့် အဆင့်မြင့်ကွန်ဒိုမီနီယမ်များ ပေါ်ပေါက်ပြီး ယင်းတို့ကို နိုင်ငံသားများက ပိုင်ဆိုင်ခွင့်၊ ရင်းနှီးမြှုပ်နှံခွင့် ရရှိစေရေးအတွက် အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာ ဥပဒေတစ်ရပ်သီးခြားရှိသင့်သည် ဆိုသည်မှာမှန်ကန်ပါကြောင်း၊ ထို့ပြင် မြို့ပြဒေသများတွင် တိုးပွားလာသောလူဦးရေနှင့်အညီ လူနေအိမ်ရာများ လုံလောက်မှုရှိစေရေးအတွက် ကွန်ဒိုမီနီယမ်အဆောက်အအုံများ ပေါ်ထွန်းရန်လိုအပ်လာသည်ဖြစ်ရာ ယင်းသို့ သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းခြင်းဖြင့် ကွန်ဒိုမီနီယမ်အဆောက်အအုံများနှင့် စပ်လျဉ်း၍ စနစ်တကျစီမံဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အဆင့်မြင့်ကွန်ဒိုမီနီယမ် အဆောက်အအုံဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုတင်လေ့လာခဲ့ပြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေအမည်ဖြင့် ဥပဒေ(မူကြမ်း)တစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ရေးဆွဲသော ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်အကြံပြုထားပါကြောင်း၊ စိစစ်ရေးဆွဲဆဲ ဥပဒေ(မူကြမ်း)တွင် စုပေါင်းပိုင်အဆောက်အအုံရှိ စုပေါင်းပိုင်မြေနှင့် အိမ်ခန်းကို ဝယ်ယူသူ၏ပိုင်ဆိုင်မှု(Ownership)၊ လွှဲပြောင်းမှု (Right to Transfer) များနှင့် စပ်လျဉ်း၍ အခွင့်အရေးပေးသောပြဋ္ဌာန်းချက်များပါဝင်သည့် အပြင် ယင်းတို့နှင့်ဆက်စပ်သည့် မလိုလားအပ်သောအငြင်းပွားမှုများ မဖြစ်ပေါ်စေရေးအတွက် တရားဝင်ခိုင်မာအောင် ဆောင်ရွက်ခွင့်ရှိသည့် ပြဋ္ဌာန်းချက်များပါဝင်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့◆**



## လက်ခံ တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ညွှန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းဝန်ကြီးချုပ် ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

✤ကျော်ဖုံးမှ

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)



## ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)



# မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားများအား အမေရိကန်ပြည်ထောင်စုမှ တင်းနစ်နည်းပြဆရာ လေ့ကျင့်ပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့ တင်းနစ်အားကစား အောင်မြင်မှုရရှိစေရန်အတွက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြိုးပမ်းလျက်ရှိသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်း တက်ရောက်စဉ် မြန်မာ့တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအပြင် လာမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့၌ ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ထားသည့် မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားများအား အဆင့်မြင့်လေ့ကျင့်ပေးရန် ရည်ရွယ်၍ လိုအပ်နေသော တင်းနစ်နည်းပြတစ်ဦး ရရှိရေး တင်ပြခဲ့သည်။ တင်ပြမှုများအရ အာရှတင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Surehs Menon က မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အတွက် သင့်လျော်သည့် Technical Director အဖြစ် အမေရိကန်ပြည်ထောင်စုမှ Mr. Robert Davis အား နည်းပြချုပ်အဖြစ် အတည်ပြုပေးခဲ့၍ အောက်တိုဘာ ၂ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

အောက်တိုဘာ ၃ ရက် နံနက်ပိုင်းမှစတင်၍ မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားများဖြစ်သော ဖြိုးမင်းသာ၊ အောင်ကျော်နိုင်၊ အောင်ကိုဦး၊ ဇင်ဘိုနီလာဝင်း၊ သန္တာအောင်၊ ဇင်မာထွေးနှင့် စုဝေဖြိုးတို့အား Mr. Robert Davis က အဆင့်မြင့်လေ့ကျင့်မှုများကို လေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ယခုပညာသင်နှစ်မှစပြီး မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူလတန်းကျောင်းသား ၅ ဒသမ ၁ သန်းကျော်အတွက် ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့စတင်ထောက်ပံ့နေ

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအတွက် တက္ကသိုလ်ပညာသင်ဆုများ ချီးမြှင့်ရန် စီစဉ်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

**၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)



အခမ်းအနားသို့ အမျိုးသား ပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားပညာရေး ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့များနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဂုဏ်ထူးဆောင် ဆရာကြီး၊ ဆရာမကြီးများ၊ ထူးချွန်ဆရာ၊ ဆရာမများ၊ ဆုရ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်း ကျောင်းသူလေးများဖြစ်ကြသော မအိဖြူစင်ကိုနှင့် မပြိသက်ခိုင်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နေပြည်တော်လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာ့လူ့ဘောင်လောကတွင် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာကို အခြေခံပြီး မွန်မြတ်သည့် ပြုစုပျိုးထောင်ရေးလုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများအား အနန္တော အနန္တငါးပါး ဂိုဏ်းဝင်တို့နှင့် ထပ်တူထပ်မျှ ရိုသေလေးစားတန်ဖိုးထားပြီး ပူဇော်ကန်တော့ကြသည့် အစဉ်အလာကောင်းများ ယနေ့ထက်တိုင် ရှင်သန်ခိုင်မြဲ ရှိနေဆဲဖြစ်ပါကြောင်း။

ယခုကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသော ဆရာ၊ ဆရာမများ၏ ကြိုးပမ်းစွမ်းဆောင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအရ (UNESCO)နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) တို့၏ ထောက်ခံတင်ပြချက်အရ အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂုဏ်ပြုကျင်းပပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်စဉ် ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယခု ဒသမအကြိမ်ရှိပြီဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်သမ္မတကြီးက ပညာရေးကဏ္ဍ လုပ်ငန်းများနှင့် ပတ်သက်၍-

(၁) မသင်မနေရ ပညာရေး မူလတန်းစနစ်ကို ကြိုးပမ်း အကောင်အထည်ဖော်ရေး၊

(၂) မျိုးဆက်သစ် လူ့စွမ်းအား အရင်းအမြစ်များကို အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးရေး၊

(၃) ဆရာ၊ဆရာမများ၏ သင်ကြားမှုအရည်အသွေး အစဉ်မြင့်မားနေစေရေး၊

(၄) ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရေး၊

(၅) ပညာရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး ပိုမို အားပေးသွားရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အဆင့်မီ ပညာရည်မြင့်မားတိုးတက်လာစေရန်၊ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဖော်ဆောင်ပေးနိုင်မည့် အမျိုးသား ပညာရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ရေးဆွဲပြီး အခြေခံပညာကဏ္ဍတွင် စီမံကိန်းလုပ်ငန်းစဉ် (၁၀)ရပ်၊ အဆင့်မြင့်ပညာကဏ္ဍတွင် လုပ်ငန်းစဉ် (၃၆) ရပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံပညာအဆင့်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းပညာသင်ယူပြီးမြောက်နိုင်ရေးအတွက် မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ယခု ပညာသင်နှစ်မှစပြီး မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူလတန်းအဆင့် ကျောင်းသားဦးရေ (၅ ဒသမ ၁) သန်းကျော်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့စတင်ထောက်ပံ့ပေးနေသကဲ့သို့ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းပျက်မှု၊ ကျောင်းထွက်မှုများ လျော့နည်းစေရေးနှင့် ဘက်စုံပညာ အရည်အချင်းပြည့်ဝသော ကလေးများ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လိုမည်ဖြစ်ပါကြောင်း။

ရှေ့လာမည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး အခြေခံပညာအဆင့်တွင် ပညာရည်ထူးချွန်သူများ အတွက် အလယ်တန်းနှင့် အထက်တန်းပညာသင်ဆု (Scholorship) များ၊ ပညာရည်ထက်မြက်ပြီး ငွေကြေး အခက်အခဲရှိသူများအတွက် ပညာသင်ထောက်ပံ့ကြေး (Stipend) များကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာ/သိပ္ပံဘာသာတွဲများ ထူးချွန်စွာ အောင်မြင်ကြသူများအတွက် တက္ကသိုလ်ပညာသင်ဆုများကို ချီးမြှင့်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆရာ၊ ဆရာမများသည် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသူများဖြစ်သည့်အားလျော်စွာ မိမိတို့၏ သင်ကြားမှု အရည်အသွေးများကိုလည်း ထာဝစဉ် ရှင်သန်မြင့်မားနေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာနှင့် ပညာရေးဘွဲ့သင်တန်း၊ လုပ်ငန်းခွင် ဆရာ၊ ဆရာမများအတွက် ပညာရေးဘွဲ့သင်တန်းနှင့် ဆရာအတတ်ပညာ သင်တန်း၊ ဘာသာရပ်သင်ကြားရေး မွမ်းမံသင်တန်း၊ ဉာဏ်သစ်လောင်း သင်တန်း၊ အင်္ဂလိပ်စာနှင့် သင်္ချာ ဘာသာရပ်စွမ်းရည် မြင့်မားရေး သင်တန်း၊ မဟာပညာရေးဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်း စသည့်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ဖွင့်လှစ်ထားပြီးသော ပညာရေး တက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ် (၂၀) တို့မှ ဆရာ၊ ဆရာမ နှစ်သိန်းနီးပါးကို ဆရာအတတ်ပညာ ပြည့်ဝသူများ ဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာအရ အခြေခံပညာကျောင်းပေါင်း (၄၁၀၀၀) ကျော် ဖွင့်လှစ်ထားပြီး ဆရာ၊ ဆရာမ (၂၇၀၀၀၀) ကျော်က ကျောင်းသား၊ ကျောင်းသူ (၈ ဒသမ ၁) သန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှု အစရှိသော အရည်အသွေးများတိုးတက်လာအောင် **"ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံ"** ဖြင့် လေ့ကျင့်သင်ကြားပေးရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာများ လေ့ကျင့်သင်ကြားပေးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရေး၊ ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာရေး၊ ပညာပြည့်ဝ နှလုံးလှသူများ၊ လောကကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်သူများ ဖြစ်ထွန်းစေရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှာ နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေထုတ်ပြန် ပြဋ္ဌာန်းခြင်း၊ နည်းဥပဒေများကို ဆက်လက် ထုတ်ပြန်ခြင်းဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများနှင့်အညီ စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်သော ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ၊ အမြောက်အမြား ပေါ်ထွန်းလာရေး အားပေးသွားရမှာဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ အခြေခံပညာသင်ကြားရေးတွင် သင်ကြားပေးနေသော ဆရာနှင့် ဆရာမဦးရေအချိုးကွာဟမှု လျော့နည်းသွားအောင် ကြိုးပမ်းသည့်အနေဖြင့် ယခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ကို **"Teachers for Gender equality" "ဆရာ၊ ဆရာမ တန်းတူညီ လူ့ဘောင်ပြည်ရွာသာယာမည်"** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ ဆရာ၊ ဆရာမ ဦးရေအချိုးအနေဖြင့် ဆရာမဦးရေ မြင့်မားလာနေသည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း သင်ကြားရေးနှင့် ကျောင်းတွင်း စီမံခန့်ခွဲရေးလုပ်ငန်းများတွင် အားနည်းမှုများမဖြစ်ပေါ်စေရန် ဝေးလံခက်ခဲဒေသကျောင်းများသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်သော မြတ်ဆရာဦးရေ တိုးတက်လာစေရန် ဆရာများကို ဆွဲဆောင်စည်းရုံးမှုများနှင့် အသိအမှတ်ပြုမှုများ ပိုမိုလုပ်ဆောင်ပေးသွားကြရန် လိုအပ်မှာဖြစ်ပါကြောင်း။

အခြေခံပညာကဏ္ဍနှင့်အတူ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တက္ကသိုလ်၊ ကောလိပ်ပေါင်း(၁၆၁) ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီ ဖြစ်သည့်အတွက် ယခင်ကာလများနှင့် နှိုင်းယှဉ်လျှင် (၅)ဆကျော် တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနလက်အောက်တွင် တက္ကသိုလ်၊ ကောလိပ်(၆၄)ခုအထိ ဖွင့်လှစ်ထားပြီး ဆရာ၊ ဆရာမ (၁၂၄၀၀)ကျော်က ကျောင်းသား၊ ကျောင်းသူ(၄ ဒသမ ၉)သိန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင် ဝိဇ္ဇာ/သိပ္ပံ ပညာရပ်များကို လေ့လာဆည်းပူးမှု ပြုနိုင်အောင်

တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အတွက် ကျောင်းသူ၊ ကျောင်းသားများ ကိုယ့်နယ်ကိုယ့်ဒေသတွင် အဆင့်မြင့်ပညာရပ်များကို အလွယ်တကူ တက်ရောက်သင်ယူနိုင်ကြပြီဖြစ်ပါကြောင်း။

ထို့အတူ ပါရဂူဘွဲ့ရသင်တန်းများ တိုးချဲ့ဖွင့်လှစ် လေ့ကျင့်ပေးခဲ့ရာတွင် ယခုပါရဂူဘွဲ့ရရှိပြီးသူ (၄၅၁၉)ဦးနှင့် ပါရဂူဘွဲ့တက်နေဆဲ သင်တန်းသား (၂၄၂၉)ဦးရှိကြောင်း သိရှိရသည့်အတွက် တက္ကသိုလ်ဆရာ၊ ဆရာမများ၏ ပညာအရည်အသွေး ပိုမိုမြင့်မားလာပြီး နိုင်ငံတော်က အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာပြီဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အသက်ရှည်ကျန်းမာစွာဖြင့် ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော**"ဂုဏ်ထူးဆောင်"** ဆရာကြီး၊ ဆရာမကြီး(၄)ဦးနှင့် ထူးချွန်ဆရာ(၁)ဦးတို့အား လည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ထူးချွန်ဆုရ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့်သင်ကြားသင်ယူမှု အထောက်အကူပြု ပစ္စည်းများဖြစ်သည့် ကားချပ်၊ မူပုံနှင့် သင်ထောက်ကူ သေတ္တာပြိုင်ပွဲများတွင် ထူးချွန်ဆုရ ပညာရေးကောလိပ်များကို လည်းကောင်း ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းသိရှိရသည့်အတွက် ဆရာ၊ ဆရာမ၊ ဝန်ထမ်းထု တစ်ရပ်လုံးကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဆရာ၊ ဆရာမများဘက်ကလည်း ဆရာ့ကျင့်ဝတ်(၅)ပါးနှင့်အညီ မန်လည်ဆရာတော်ကြီး အရှင်ဇဝန ရေးစပ်သီကုံးထားသည့်**"ရှေးရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က ဆုံးမတတ်သူ၊ ဆရာဟူလော့"** ဆိုသော ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံသည့် မြတ်ဆရာများဖြစ်ကြလေအောင် ကျင့်ကြံအားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မိမိတို့ကျရာ ရပ်ရွာဒေသအလိုက် လုပ်ငန်းတာဝန်များကို မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာအရင်းခံ၍ ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်အဝစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်နေကြသော ဆရာ၊ ဆရာမအားလုံးအားလည်း အထူးကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်တွင် နိုင်ငံတော်က အားထားရမည့် မျိုးဆက်သစ် လူငယ်များကို ပညာရည်မြင့်မားသော နိုင်ငံသားကောင်းများအဖြစ် ပေါ်ထွန်းလာအောင် အပြည့်အဝ စွမ်းအား စိုက်ထုတ်ပြီး လေ့ကျင့်သင်ကြားပေးကြပါ။

အရည်အသွေးပြည့်ဝသော မြတ်ဆရာများအဖြစ် မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက အသိအမှတ်ပြု မှတ်ကျောက်တင်ခံရနိုင်သည်အထိ ပညာရေးလုပ်ငန်းများမှာ စိတ်ရောကိုယ်ပါ မြှုပ်နှံလုပ်ဆောင်ပေးသွားကြပါ။

ပညာရေးစေတနာရှင် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ ဘက်ကလည်း နိုင်ငံတော်၏ ပညာရေးလုပ်ငန်းစဉ်များမှာ အပြည့်အဝ ပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက်များ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ပေးသွားကြပါဟု အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များကပေးပို့သော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက ဖတ်ကြားပြီး နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အိုဘယ့်ဆရာ" သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဆရာကြီး(၄)ဦးနှင့် ထူးချွန်ဆရာ(၁)ဦးတို့၏ ပညာရေးလုပ်ငန်းစွမ်းဆောင်ချက် အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး (၄)ဦးဖြစ်သည့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာသိမ်းမြင့်၊ စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာနမှ ပါမောက္ခ (အငြိမ်းစား) ဒေါက်တာသက်လွင်၊ ရခိုင်ပြည်နယ်ပညာရေးမှူး(အငြိမ်းစား) ဦးမျိုးကြည်၊ မန္တလေး ဆရာအတတ်သင်သိပ္ပံကျောင်းအုပ်ကြီး (အငြိမ်းစား) ဒေါ်ခင်ကြည်၏ကိုယ်စား သမီး ဒေါက်တာကြေးမုံလွင်နှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အခြေခံပညာအလယ်တန်းပြ ထူးချွန်ဆရာမ ဒေါ်အုန်းအုန်းသန်း ကိုယ်စား ဦးစီးအရာရှိ ဒေါ်သစ်သစ်ခိုင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဆင့်မြင့်ပညာဆရာ၊ ဆရာမများအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်းက ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကြူနှင့် ဒုတိယဝန်ကြီး ဦးဘရွှေတို့က သင်ထောက်ကူကားချပ်ပြိုင်ပွဲ၊ သင်ထောက်ကူ သေတ္တာပြိုင်ပွဲနှင့် သင်ထောက်ကူ မူပုံပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော် ပြန်ကပြေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူလေးများက "အသီးတစ်ရာ အညှာတစ်ခု" တေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပြခန်း၊ ဆုရကဗျာ၊ စာစီစာကုံးနှင့် ဆောင်းပါးများ၊ ဂုဏ်ထူးဆောင် ဆရာကြီး၊ ဆရာမကြီးများနှင့် ထူးချွန်ဆရာ၊ ဆရာမများ၏ ပညာရေးလုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

(သတင်းစဉ်)

## ဦးတင်ရှိခိုးမြတ်နိုးဆဲ

✲ သည်လမ်းသည်ခရီး၊
သည်နည်းသည်ပုံ၊ တွေ့ကြုံတတ်ရာ
ဘယ်ဟာမှန်မှား၊ ခွဲခြားသိအောင်
ဖွဲ့နှောင်အပြုံး၊ မြတ်နလုံးနှင့်
ဆုံးမသွန်သင်၊ ဆရာရှင်ကို
ဦးတင်ရှိခိုးမြတ်နိုးဆဲပါ။

✲ စားမတစ်ချောင်း၊
ကောင်းကောင်းဖြစ်ရန်၊ အရင်းခံလည်း
တူဒုက်များစွာ၊ ထုခံရာမှ
ခိုင်မာသည့်ဓား၊ အဖြစ်များနှင့်
အသွားမြမြ၊ ထိုစားလှသည်
ပုံပြနိူင်းယှဉ်၊ ဆရာရှင်ကို
ဦးတင်ရှိခိုးမြတ်နိုးဆဲပါ။

✲ ထုချေလုံးမံ၊
ကြိမ်ဖန်ရိုက်ခတ်၊ ပြုမူတတ်လည်း
တီးခတ်သံကြည်၊ ဒေါင်ဒေါင်မြည်၍
အိုးသည်ဘဝ၊ အနေလှသည်
ပုံပြနိူင်းယှဉ်၊ ဆရာရှင်ကို
ဦးတင်ရှိခိုးမြတ်နိုးဆဲပါ။

✲ နာသုံးနာနှင့်၊
ဆရာဘဝ၊ ပြည့်စုံလှ၍
လောကလူ့ရွာ၊ တင့်တယ်ပါခဲ့
နေရာမရွေး၊ ချိန်မရွေးပင်
အလေးအနက်၊ တပည့်တွက်လျှင်
ရင်ထက်မှာပွေ့၊ ထိုအလေ့နှင့်
သိမ်မွေ့ကြည်စင်၊ ဆရာရှင်ကို
ဦးတင်ရှိခိုးမြတ်နိုးဆဲပါ။

**သောင်းကိုကို**

◆ စာမျက်နှာ ၆ မှ

ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ(Transfer of Property Act) ရှိပါကြောင်း၊ ယင်းအက်ဥပဒေသည် ၁၈၈၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်ပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်နှင့် လွှဲပြောင်းနိုင်သည့်အခွင့်အရေးများကိုပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါအက်ဥပဒေအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လွှဲပြောင်းခြင်းဆိုသည့်စကားရပ်တွင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့် မေတ္တာဖြင့်ပေးကမ်းခြင်းများ အကျုံးဝင်ပါကြောင်း၊ ထိုသို့ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပါပြဋ္ဌာန်းချက်များသည် လက်ရှိတရားစီရင်ရေးတွင် လိုက်နာကျင့်သုံးလျက်ရှိသော ပြဋ္ဌာန်းချက်များဖြစ်သဖြင့် စုပေါင်းပိုင်အဆောက်အအုံနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှုနှင့် လွှဲပြောင်းနိုင်မှုအနေအထားသည်လည်း ယင်းဥပဒေနှင့်အညီ တရားဝင် ခိုင်မာအောင် ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အငြင်းပွားမှုတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ ၁၉၄၄ ခုနှစ် အနုညာတ ခုံရုံးအက်ဥပဒေအရ ဖြေရှင်းခြင်းနှင့်တရားမကြောင်းအရ တရားရုံး၏အဆုံး အဖြတ်ခံယူဖြေရှင်းခြင်းဟူ၍ နည်းလမ်းနှစ်ရပ်ရှိပါကြောင်း၊ အငြင်းပွားမှုပေါ်ပေါက်ပါက ငွေကုန်ကြေးကျမများဘဲ၊ ဆင်းရဲပင်ပန်းမှုမရှိဘဲ ဖြေရှင်းနိုင်ရေးအတွက် ပိုမိုအဆင်ပြေစေနိုင်သည့်နည်းလမ်းများကိုလေ့လာရာ အာဆီယံနိုင်ငံများတွင်ကျင့်သုံးနေသော Mediation Centre များဖြင့် ဖြေရှင်းဆောင်ရွက်သည့် နည်းလမ်းများကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်သူအချင်းချင်း အဆောက်အအုံနှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပါက သက်ဆိုင်ရာအလုပ်အမှု ဆောင်ကော်မတီက စေ့စပ်ညှိနှိုင်းပေးနိုင်သည့် နည်းလမ်းကိုလည်း အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းတစ်ရပ်အဖြစ် ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းဖော်ပြထားပါ ကြောင်း။

**ကွန်ဒိုမီနီယမ်ဥပဒေများနှင့်စပ်လျဉ်း၍ အခြားနိုင်ငံများ၏ဥပဒေများကို လေ့လာ ခဲ့ပါကြောင်း၊ အထူးသဖြင့် အာဆီယံနိုင်ငံများ၏ဥပဒေများကိုလေ့လာ၍ ဥပဒေ(မူကြမ်း)တွင် ပြည့်ပြည့်စုံစုံပါရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ အဆိုပါဥပဒေကို စီမံခန့်ခွဲသည့် ဆောက်လုပ် ရေးဝန်ကြီးဌာနအနေဖြင့် ပိုမိုပြည့်စုံသောအချက်အလက်များပါရှိရန် ဆောင်ရွက်လျက်ရှိရာ ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အသင့်ဖြစ်သည့်အချိန်တွင် လွှတ်တော်သို့တင်ပြရန်ရှိပါကြောင်း**ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးဇော်ကိုရ်အာမတ်၏အဆိုသည် သက်ဆိုင်ရာဌာနက ဆောင်ရွက်ဆဲလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လွှတ်တော်က မှတ်တမ်းတင်အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက**"မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေ စသည့် သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘောအရ ပမာဏများစွာသုံးစွဲနေမှုမှ လည်းကောင်း၊ ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်မှုပေးနိုင်ရန်အတွက် လည်းကောင်း ရေသယံဇာတအသုံးပြုမှုတို့က အများပြည်သူ ကောင်းကျိုးရှိမှုနှင့် ရေသယံဇာတထိန်းသိမ်းရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးနိုင်ပါရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အောက်တိုဘာ(၆)ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်း တင်သွင်းကြရန်ဖြစ်ကြောင်းသိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို မွန်းလွဲ(၂)နာရီ(၁၅)မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၃၃)ရက်မြောက်နေ့ကို အောက်တိုဘာ(၆)ရက်နံနက် (၁၀)နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများသို့ စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စများ ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ စီးပွားရေးမှာ တစ်နိုင်ငံလုံး၏ စီးပွားရေးတွင် ၂၀ ရာခိုင်နှုန်းကျော် ပါဝင်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးရည်မှန်းချက်များပြည့်မီရန် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများကိုလည်း နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဝန်ဆောင်မှုကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အသားတင်ထုတ်လုပ်မှုတန်ဖိုး တွက်ချက်ရာတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေး၊ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ကိစ္စများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် ဟန်ချက်ညီ စနစ်တကျ ဆောင်ရွက်ရေးတို့ကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရေးကိစ္စများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီး အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ဆက်လက် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၄ ရက်တွင် ပဒုမ္မာ အားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ တစ်ဖက် နှစ်ဂိုးစီဖြင့် လည်းကောင်း၊ ပဒေသာအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

အောက်တိုဘာ ၅ ရက်တွင် ပဒုမ္မာ အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စလင်းအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး လီယုန်ကျုံမင်းသည် ရန်ကုန်မြို့သို့ အလည်အပတ်ရောက်ရှိခဲ့ပြီး စစ်တုရင်အားကစားနည်းနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ပါဝင်မည့် မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းကို ဗီယက်နမ် စစ်တုရင်အားကစားသမားများအား သင်ကြားပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် သည် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ကာ မြန်မာ့ရိုးရာ စစ်တုရင် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၆-၁၀-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၈။ အကပဒေသာ
- ၈း၃၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၂၅ ၄။ အတီးပြိုင်ပွဲ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒအထူးပြုများ) (ရုက္ခဗေဒ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ "အိုးပိုင်အိမ်ပိုင်"
- ၅း၁၅ ၈။ မူဟာန်သွယ်သွယ်ဆိုကြမယ်
- ၅း၃၀ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၄၀ ၁၀။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာနမြင့်မားနေမှုတို့ရှေးရှု
- ၅း၄၅ ၁၁။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၆၉)**
- ၆း၃၅ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြဲကြဲဖန်ဖန်အမွေဆိုင်" (အပိုင်း-၃၂)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
- ၂၁။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၇)**
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၉၇)**
- ၂၄။ အစီအစဉ်ပြီး၏။

# နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြင်သစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယလက်ထောက်အတွင်းဝန် Mr. Antoine Chery ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၆-၁၀-၂၀၁၁ (ကြာသပတေးနေ့)

AM & PM
၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အချိန်" တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၆း၄၀ ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၄၈)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၀)**
၈း၅၀ 1st MFDG Fashion Phenomenon (Part-1)
၉း၅၀ Intellectual Talk
၁၀း၃၀ ပုဂံဒေသမှ မင်္ဂလာရှိသော အလှူနေ့
၁၀း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၅ The Champion of Dance
၁၁း၄၅ Activities In The City
၁၂း၀၀ စာအုပ်စင်ကဏ္ဍ ဦးထွန်းထွန်းဦး၏ မွေးပျံ့သင်းထုံ မေတ္တာစာစုများ
၁၂း၂၅ SUNSHINE EDUCATION CENTER
၁၂း၄၅ ကြည်ညိုပူဇော် ဓမ္မစကြာဆရာတော်၏ ဝိဇာတအလှူတော်
၁း၀၀ "အချိန်" တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၁း၅၀ ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၀၅ စေတနာဒါနမိုးရွာသွန်းဖြိုး
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၄၈)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၀)**
၄း၅၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဖလန်း ဖလန်းဖြစ်တဲ့အချစ်"
၅း၂၅ Activities In The City
၅း၃၅ ရန်ကုန်မြင်ကွင်းကျယ်
၅း၅၀ သဘာဝဘေးဒုက္ခ အန္တရာယ်ပုံပြင်များ (မြေလျှင်)
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၄၉)**
၇း၀၅ 1st MFDG Fashion Phenomenon (Part-2)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၁)**
၁၀း၂၀ Style ရှိမှ Star ဖြစ်မယ်
၁၁း၁၅ အနုပညာမိုးကောင်းကင်
၁၁း၃၅ အားကစားမြင်ကွင်းစုံ
၁၂း၀၀ ဘဝဆည်းဆာအလှရှင်များ၏ နားခိုရာ
၁၂း၁၅ ဂီတသရုပ်ပြခန်း (စိုင်းဟိန်း)
၁၂း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
၁း၀၀ နာတာရှည်ကျောက်ကပ် အလုပ်မလုပ်(သို့)အားနည်းရောဂါ အကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)
၁း၂၅ ဧရာဝတီနှင့် ပန်းတင့်သည့်. . . ဆောက်လုပ်ရေး၏ စွမ်းအားဂုဏ်ရည် ဧရာဝတီတံတား(ညောင်တုန်း)
၁း၄၅ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ
၂း၀၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုက်ဂူများ
၂း၅၅ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၄း၁၅ ဗဟုသုတများ စုဆောင်းရာ Knowledge Bank
၄း၃၅ ခနေ့ဖြူရဲ့အထင်ကရနေရာများ ဆီသို့ အလည်တစ်ခေါက်
၄း၄၀ သာသနာ့အကျိုးရွက်သယ်ပိုးကာ စံပြုထိုက်ရာ "သကျမိတ္တာ"
၅း၀၀ အစီအစဉ်ပြီး။



**လာရောက်တွေ့ဆုံ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ခေါင်းဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်လွင်နှင့် ဦးစိုးတင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လှော်ကားဥယျာဉ် သီတင်းကျွတ်လပြည့်နေ့တွင် ညနေ ၆ နာရီအထိ ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၅**

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားပြီး အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှု စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ သီဟထွန်းကုမ္ပဏီလီမိတက် သံရည်ကျိုစက်ရုံသို့ ရောက်ရှိပြီး 22 HP တစ်လုံးထိုး ဒီဇယ်အင်ဂျင်များ၊ စပါးခွဲဓာတ်ငွေ့ထုတ်စက်များ၊ လောင်စာထင်းချွေတာသုံး ထမင်းပေါင်းအိုးများ၊ လက်တွန်းထွန်စက်များနှင့် ထွန်စက်ငယ် 28 HP တို့၏ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် သီဟထွန်းကုမ္ပဏီလီမိတက်၏ စိုက်ပျိုးမွေးမြူရေးခြံ၌ ပေါင်းစည်းလယ်ယာအဖွဲ့က စိုက်ပျိုးထားသော ဝါစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်မြင့်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် တပ်ဖွဲ့ဝင်အင်အားတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မီးဘေးကာကွယ်ရေးစီမံချက်ကို တစ်တိုင်းလုံး မြို့နယ်အလိုက် ဈေးရုံ၊ စက်ရုံများ ပြန်လည်ရေးဆွဲ ဇာတ်တိုက်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ သင့်(၄)သင့်၊ ကောင်း(၄)ကောင်းနှင့် မြန်(၃)မြန်စနစ် ထိရောက်စွာ လိုက်နာအကောင်အထည်ဖော်ရေး၊ မီးသတ်ကား၊ မီးသတ်စက်များကို ခေတ်မီစက်များဖြင့် ဖြည့်ဆည်းရေးနှင့် လက်ရှိယာဉ်/စက်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ မီးသတ်(အရန်)တပ်ဖွဲ့ဝင်များ စည်းရုံးရေးတို့ကို မှာကြားပြီး မီးသတ်ယာဉ်များ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ သီဟထွန်းကုမ္ပဏီလီမိတက် သံရည်ကျိုစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## နေပြည်တော်မိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အထက(၅) ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့် (New Shwe Sin)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက (၆၁) ကြိမ်မြောက် ဘိုးဘွားများနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် နှစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)



# ကျောက်ဆည်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်အချို့ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ သက်ဆိုင်ရာက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့တို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ အောက်တိုဘာ ၃ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်နှင့် ကျေးရွာ ၁၉ ရွာတို့မှ အိမ်ခြေ ၄၅၉၁ အိမ်၊ အိမ်ထောင်စု ၄၆၂၂ စုတို့ ရေဘေးသင့်ခဲ့ကြောင်း၊ အလားတူ တောင်တွင်းကြီးမြို့နယ်၌လည်း အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်ရှိ အိမ်ခြေ ၄၀၀ ခန့် ရေကြီးနစ်မြုပ်မှုခံခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ပြောင်းရွှေ့နေရာချထားပေးပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

### တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး H. E. Mr. Yongyuth Wichaidit နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr.Surapong Tovichakchaikul တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

### ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုကြိုဆို

နေပြည်တော် အောက်တိုဘာ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးခန်းမဆောင်၌ ကျင်းပသည်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုရာ တော်ဝင်ကုမုဒြာဟိုတယ်မှ နိုင်ငံတော်သမ္မတရုံးသို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

### အလေးပြုခြင်းခံယူ

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်က ထိုင်းနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**